


**VOLUME IV, ISSUE 2** 30 August 2023


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅) ဖွဲ့ (ALP ၊ DKBA ၊ KNU/KNLA-PC ၊ LDU ၊ PNLO) ၏ ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားသို့ တက်ရောက် | ၂ |
| ၃ | ပြည်ထောင်စုဝန်ကြီးများ အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) မှ အကြီးအကဲ Mr. Dragan Aleksoski နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ | ၃ |
| ၄ | (၂၄) ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီအစည်းအဝေး ကျင်းပ | ၅ |
| ၅ | ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေ တရုတ် - အာဆီယံစင်တာ၏ အထွေထွေအတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံ၊ တရုတ် -အာဆီယံပညာရေး ပူးပေါင်းဆောင်ရွက်ရေး ရက်သတ္တပတ်အခမ်းအနားသို့ တက်ရောက် | ၆ |
| ၆ | မြန်မာ - တရုတ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေး တွေ့ဆုံဆွေးနွေး | ၈ |
| ၇ | အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၀) ကြိမ်မြောက် အစည်းအဝေးကျင်းပ | ၉ |
| ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရွန်နစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများအား ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက် | ၁၀ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၉ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ | ၁၁ |
| ၁၀ | ရွှေဘိုမြို့နယ်၊ ဇီးတောကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲအတွင်းမှ PDF အကြမ်းဖက်သမားများ သိုဝှက်ထားသည့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းရမိ | ၁၂ |
| ၁၁ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၁၃ |

# Information Sheet

## နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅) ဖွဲ့ (ALP ၊ DKBA ၊ KNU/KNLA-PC ၊ LDU ၊ PNLO) ၏ ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး



နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅) ဖွဲ့ (ALP ၊ DKBA ၊ KNU/KNLA-PC ၊ LDU၊ PNLO) ၏ ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ကိုယ်စား ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဦးဆောင်နာယက ဖြားတန်ခွန်ဥက္ကာတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြပြီးနောက်-

- NSPNC နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ သဘောတူညီခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်တွင် ပြင်ဆင်လိုသည့်ပုဒ်မများ၊
- လေ့လာဆန်းစစ်ဖော်ထုတ်ပြုစုရေးအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ၏ ပြဋ္ဌာန်းချက်များ(ပုဒ်မများ)အနက်မှ ပြင်ဆင်ရန်သင့်သည်ဟု သုံးသပ်ယူဆရသည့်ပုဒ်မများ၊
- လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးကိစ္စ၊
- ပဋိပက္ခဒဏ်ခံစားနေရသောဒေသများရှိ တိုက်ပွဲရှောင်နှင့် ဒေသခံပြည်သူလူထုအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် NCA လက်မှတ်ရေးထိုးထားသော သက်ဆိုင်ရာနယ်မြေများမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးကိစ္စ၊
- ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် EAO များ ကိုယ်တိုင်လက်တွေ့ကျကျ ပါဝင်လုပ်ဆောင်နိုင်ရေးကိစ္စ။
- နိုင်ငံရေးနယ်ပယ်တွင် ဒေသအလိုက် EAO များ၏ ဦးဆောင်မှုကို မြှင့်တင်ရေးကိစ္စ၊

- NCA (၈) နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို နိုင်ငံရေး အစီပွာယ်ပြည့်ဝစွာ ကျင်းပနိုင်ရေးကိစ္စတို့ကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)မှဥက္ကဋ္ဌ စောမြရာဇာလင်း၊ KNU/ KNLA ငြိမ်းချမ်းရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)မှ စစ်ကွပ်ကဲရေးမှူး အဆင့်ရှိ စောဘညိမ်းအောင်တို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီရုပ်မြင်သံကြားသတင်း ၃၀-၈-၂၀၂၃)**

- **နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅) ဖွဲ့တို့ တွေ့ဆုံဆွေးနွေးရာတွင် NSPNC နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့တို့ သဘောတူညီခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်တွင် ပြင်ဆင်လိုသည့်ပုဒ်မများ၊ လေ့လာဆန်းစစ်ဖော်ထုတ်ပြုစုရေးအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ၏ ပြဋ္ဌာန်းချက်များ (ပုဒ်မများ)အနက်မှ ပြင်ဆင်ရန်သင့်သည်ဟု သုံးသပ်ယူဆရသည့်ပုဒ်မများ၊ ပဋိပက္ခဒဏ်ခံစားနေရသောဒေသများရှိ တိုက်ပွဲရှောင်နှင့် ဒေသခံပြည်သူလူထုအတွက် လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် NCA လက်မှတ်ရေးထိုးထားသော သက်ဆိုင်ရာနယ်မြေများမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးကိစ္စတို့အား အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားသို့ တက်ရောက်

ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို ဩဂုတ်လ ၂၈ ရက်တွင် ရေဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဖားစည်ကိုးချက်တီး၍ ဖွင့်လှစ်ပေးပြီး အဖွင့်နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ပါသည်။

တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက အခမ်းအနားကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရေဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။

ကရင်တိုင်းရင်းသားရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ကရင်တိုင်းရင်းသားမောင်မယ်များက ချည်ဖြူဖွဲ့ပစ္စည်းများ သယ်ဆောင်နေရာချထားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များအား ချည်ဖြူဖွဲ့ပေးကြပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၈-၂၀၂၃)**



- ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို ဩဂုတ်လ ၂၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က တက်ရောက်ဖွင့်လှစ်ပေးခဲ့။

## ပြည်ထောင်စုဝန်ကြီးများ အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) မှ အကြီးအကဲ Mr. Dragan Aleksoski နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေး အဖွဲ့ (IOM) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Dragan Aleksoski ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံနေမှု**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့သည် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM)၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Dragan Aleksoski ဦးဆောင်သော အဖွဲ့အား ဩဂုတ်လ ၂၉ ရက်တွင် သက်ဆိုင်ရာဝန်ကြီးဌာန အစည်းအဝေးခန်းမ အသီးသီး၌ လက်ခံတွေ့ဆုံခဲ့ပါသည်။




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Dragan Aleksoski ဦးဆောင်သော အဖွဲ့အား လက်ခံတွေ့ဆုံနေမှု**

- **ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံစဉ်** မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် ခုခံကျကာလသား ရောဂါကာကွယ်ကုသရေးလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ သက်တမ်းတိုးဆောင်ရွက်နေသည့်ကိစ္စရပ်များ၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ကျန်းမာရေးလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

- **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံစဉ်** ရွှေ့ပြောင်းအလုပ်သမားကိစ္စများနှင့် လူကုန်ကူးခံရသူများအား အကူအညီပေးရေးကိစ္စများ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် လူကုန်ကူးခံရသူများ ရပ်ရွာအတွင်း ပြန်လည်ဝင်ဆံ့ရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး( UNOCHA)၏ ညှိနှိုင်းပေါင်းစပ်မှုဖြင့် နိုင်ငံတော်အစိုးရနှင့်ပူးပေါင်း၍ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ရခိုင်ပြည်နယ်ရှိ မိုခါမုန်တိုင်းသင့်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာပစ္စည်းများ ထောက်ပံ့ရေးအစီအစဉ်တွင် IOM မှ ပူးပေါင်းပါဝင်မှုများနှင့် IOM အဖွဲ့မှ နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်ဝင်ဗီဇာ ထောက်ခံချက်ပေးနိုင်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

တွေ့ဆုံပွဲအသီးသီးသို့ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၀-၈-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးများ အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) မှ အကြီးအကဲ Mr. Dragan Aleksoski နှင့် အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပြီး မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် ခုခံကျကာလသားရောဂါကာကွယ်ကုသရေးလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ရွှေ့ပြောင်းအလုပ်သမားကိစ္စများနှင့် လူကုန်ကူးခံရသူများအား အကူအညီပေးရေးကိစ္စများ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် လူကုန်ကူးခံရသူများရပ်ရွာအတွင်း ပြန်လည်ဝင်ဆံ့ရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။**

## (၂၄) ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီအစည်းအဝေး ကျင်းပ




သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှကြီးမှူး၍ မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၄) ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီဖွင့်ပွဲအခမ်းအနားနှင့် အစည်းအဝေးကို ဩဂုတ်လ ၂၉ ရက်တွင် ရန်ကုန်မြို့ရှိ Novotel Yangon Max Hotel ၌ ကျင်းပခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံ၏ တာဝန်ဝတ္တရားများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသကဲ့သို့ မိတ်ဆွေအာဆီယံနိုင်ငံများနှင့်အတူ ငြိမ်းချမ်းသော၊ ကြွယ်ဝပြည့်စုံသော အာဆီယံအသိုက်အဝန်းကြီးထူထောင်ရေး ရည်မှန်းချက်များရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ရန် ရည်မှန်းချက်များထားရှိပါကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် အာဆီယံဒေသတွင်း ဆောင်ရွက်လျက်ရှိသော ယဉ်ကျေးမှုဆိုင်ရာကဏ္ဍနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီမံကိန်းများ၊ ဆောင်ရွက်ဆဲစီမံကိန်းများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဆက်လက်တင်သွင်းမည့် စီမံကိန်းအသစ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ် အတည်ပြုခဲ့ကြပါသည်။

ဖွင့်ပွဲအခမ်းအနားနှင့် အစည်းအဝေးသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန်၊ အာဆီယံနိုင်ငံများမှ သံရုံးအကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၀-၈-၂၀၂၃)**

- မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံ၏ တာဝန်ဝတ္တရားများကို အကောင်အထည် ဖော်ဆောင်ရွက်ရန် တာဝန်ရှိသကဲ့သို့ မိတ်ဆွေအာဆီယံနိုင်ငံများနှင့်အတူ ငြိမ်းချမ်းသော၊ ကြွယ်ဝပြည့်စုံသော အာဆီယံ အသိုက်အဝန်းကြီးထူထောင်ရေး ရည်မှန်းချက်များရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ရန် ရည်မှန်း ချက်များထားရှိ။
- (၂၄) ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီအစည်းအဝေးတွင် အာဆီယံဒေသတွင်း ဆောင်ရွက်လျက်ရှိသော ယဉ်ကျေးမှုဆိုင်ရာကဏ္ဍနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီမံကိန်းများ၊ ဆောင်ရွက်ဆဲစီမံကိန်းများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဆက်လက်တင်သွင်းမည့် စီမံကိန်းအသစ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ် အတည်ပြုခဲ့။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တရုတ် - အာဆီယံစင်တာ၏ အထွေထွေ အတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံ၊ တရုတ် - အာဆီယံပညာရေး ပူးပေါင်းဆောင်ရွက်ရေး ရက်သတ္တပတ်အခမ်းအနားသို့ တက်ရောက်



၂၀၂၃ ခုနှစ် တရုတ် - အာဆီယံပညာရေး ပူးပေါင်း ဆောင်ရွက်ရေး ရက်သတ္တပတ် အခမ်းအနားသို့တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွေ့ကျိုးပြည်နယ် ကွေ့ရမ်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်လ ၂၈ ရက်တွင် HowardJohnson Hotel တတိယထပ်ရှိ ညှိနှိုင်းခန်းမ၌ တရုတ် - အာဆီယံစင်တာ၏ အထွေထွေအတွင်း ရေးမှူးချုပ် H.E. Mr. Shi Zhongjun ပါဝင်သည့်အဖွဲ့နှင့် တွေ့ဆုံခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ် စားလှယ်အဖွဲ့သည် ဩဂုတ်လ ၂၉ ရက်တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ကွေ့ကျိုးပြည်နယ်၊ ကွေ့ရမ်မြို့ရှိ ပြည်နယ်ခန်း မ၌ ကျင်းပသည့် ၂၀၂၃ ခုနှစ်၊ တရုတ် -အာဆီယံပညာရေးပူး ပေါင်းဆောင်ရွက်ရေး ရက်သတ္တပတ် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားရာတွင်-

- တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အကြား ပညာရှင်များ ဖလှယ်ရန်၊ စွမ်းရည်မြှင့်တင်ပေး ရန်နှင့် ယဉ်ကျေးမှုများ အပြန်အလှန်နားလည်စေရန် ရည်ရွယ်ပြီး ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း၊



နိုင်ငံသားများ အခွင့်အလမ်းကောင်းရရှိစေရန် လမ်းဖွင့်ပေးခြင်းတို့ကို နှစ်နိုင်ငံအတူတကွ လက်တွဲဆောင်ရွက်ခဲ့ကြကြောင်း။

- မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများက မြန်မာကျောင်းသားကျောင်းသူများနှင့် မြန်မာ့ပညာရေးကို အကျိုးပြုရုံ သာမက မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးအပေါ် ကျယ်ကျယ်ပြန့်ပြန့် အကျိုးဖြစ်ထွန်းစေကြောင်း။

- ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံတို့သည် ရပ်ဝန်းနှင့်ပိုးလမ်းမအတွက် ဘုံကြွယ်ဝချမ်းသာမှုနှင့်အတူ ပိုမိုခိုင်မာသော ချစ်ကြည်လေးစားမှုကိုဖန်တီးနိုင်ပြီး လူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတစ်ဝန်းလုံး၏တိုးတက်မှုများကို တိုးမြှင့်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် 2023 China-ASEAN Language and Culture Forum ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး ၂၀၂၃ ခုနှစ် တရုတ် - အာဆီယံ ပညာရေးပူးပေါင်းဆောင်ရွက်ရေး ရက်သတ္တပတ်အခမ်းအနားတွင် ခင်းကျင်းပြသထားသောပြခန်းများနှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၀-၈-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးသည် တရုတ် - အာဆီယံစင်တာ၏ အထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. Shi Zhongjun နှင့် တွေ့ဆုံခဲ့ပြီး ၂၀၂၃ ခုနှစ်၊ တရုတ် - အာဆီယံပညာရေး ပူးပေါင်းဆောင်ရွက်ရေး ရက်သတ္တပတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခဲ့။**

# မြန်မာ - တရုတ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေး တွေ့ဆုံဆွေးနွေး



မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ တရုတ်လူမျိုးခရီးသွားများ လွယ်ကူချောမွေ့စွာ သွားလာလည်ပတ်နိုင်ရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ ကြိုတင်ပြင်ဆင်နိုင်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မြန်မာ - တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)၊ မြန်မာ - တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း၊ မြန်မာ - တရုတ်ကုန်သည်ကြီးများအသင်း၊ တရုတ်နိုင်ငံ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ဖွဲ့စည်းထားသော မြန်မာ-တရုတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့နှင့် တရုတ်ခရီးသွားဈေးကွက်ဆောင်ရွက်နေသော ခရီးသွားကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဩဂုတ်လ ၂၈ ရက်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ကျောက်စိမ်းခန်းမ၌ တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက-

- တရုတ်ခရီးသွားဧည့်သည်များ ပိုမိုလာရောက်ရေးနှင့် ဈေးကွက်ရရှိရေးအတွက် ခရီးသွားကုမ္ပဏီများအနေနှင့် ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ပြီး ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည်များ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း။
- အာဆီယံနှင့် ဒေသတွင်းနိုင်ငံများအပြင် တရုတ်၊ အိန္ဒိယ၊ ရုရှားကဲ့သို့ အလားအလာရှိသည့် ခရီးသွားဈေးကွက်ဝင်နိုင်ငံများမှ ခရီးသွားများ ပိုမိုဝင်ရောက်လာရေးကိုလည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့။

တက်ရောက်လာကြသည့် တာဝန်ရှိသူများက တရုတ်ခရီးသွားများ ပိုမိုဝင်ရောက်လာရေးအတွက် ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားပြပွဲများနှင့် မြန်မာ-တရုတ် ခရီးသွားလုပ်ငန်းဆိုင်ရာ G2G ၊ B2B ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများ၊ တွေ့ကြုံနေရသည့်ကိစ္စရပ်များ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြခဲ့ပါသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ ခေတ္တတပ်ဖွဲ့မှူးတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်နယ်ရုံးခွဲများမှ တာဝန်ခံများက အွန်လိုင်းမှ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၈-၂၀၂၃)**

- **တရုတ်ခရီးသွားဧည့်သည်များ ပိုမိုလာရောက်ရေးနှင့် စျေးကွက်ရရှိရေးအတွက် ခရီးသွားကုမ္ပဏီများအနေနှင့် ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ပြီး ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည်များ ကူညီပံ့ပိုးပေးသွားမည်ဖြစ်။**
- **အာဆီယံနှင့် ဒေသတွင်းနိုင်ငံများအပြင် တရုတ်၊ အိန္ဒိယ၊ ရုရှားကဲ့သို့ အလားအလာရှိသည့် ခရီးသွားစျေးကွက်ဝင်နိုင်ငံများမှ ခရီးသွားများ ပိုမိုဝင်ရောက်လာရေးကိုလည်း ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်။**

# အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၀) ကြိမ်မြောက် အစည်းအဝေးကျင်းပ




အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကိုယ်စားလှယ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးတွင် ဩဂုတ်လ ၂၆ ရက် မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၀) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက-

- ၂၀၂၅ ခုနှစ်အလွန် အာဆီယံမျှော်မှန်းချက်တွင် အာဆီယံအသိုက်အဝန်းသည် အဖွဲ့ဝင်နိုင်ငံများအကြားသော်လည်းကောင်း၊ အာဆီယံနှင့် အခြားသောကမ္ဘာ့နိုင်ငံများအကြားသော်လည်းကောင်း ဖွံ့ဖြိုးမှုကွာဟချက်လျော့ကျရေးသည် အလွန်အရေးပါကြောင်း။
- အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ဆွေးနွေးညှိနှိုင်းပေါင်းစပ်မှုများသည် သင့်တော်မျှတပြီး ခိုင်မာ၍ အပြန်အလှန်အကျိုးကျေးဇူးရှိစေမည့် စီးပွားဆက်သွယ်ရေးဖြစ်စေရန် အာဆီယံအချက်အချာကျမှု (ASEAN Centrality) ကို အခြေပြုဆောင်ရွက်ရန် တိုက်တွန်းကြောင်း အလေးထား ဆွေးနွေးခဲ့။

အစည်းအဝေးကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူ တီမောလက်စ်တေနိုင်ငံတို့မှ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ဒုတိယဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်စိုး လိုက်ပါတက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၈-၂၀၂၃)**

- **ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးတွင် ဩဂုတ်လ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၀) ကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်ခဲ့။**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရွန်နစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများအား ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်




မြန်မာအီလက်ထရွန်နစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်း အခမ်းအနားများကို ဩဂုတ်လ ၂၃ ရက်မှ ၂၈ ရက်အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုသို့ ကျင်းပပြုလုပ်ရာတွင်-

- ဩဂုတ်လ ၂၃ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့၌လည်းကောင်း၊
- ဩဂုတ်လ ၂၄ ရက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့၌လည်းကောင်း၊
- ဩဂုတ်လ ၂၅ ရက်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့၌လည်းကောင်း၊
- ဩဂုတ်လ ၂၈ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၌လည်းကောင်း၊
- ဩဂုတ်လ ၂၉ ရက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့၌လည်းကောင်း ကျင်းပပြုလုပ်ခဲ့။

Myanmar Electronic Voting Machine (MEVM) စက်ကို ရွေးကောက်ပွဲများတွင် အသုံးပြုဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများစွာရရှိမည့်အပြင် နည်းပညာခေတ်၌ ဒီမိုကရေစီစံနှုန်းများနှင့်အညီ အဆင့်အတန်းပြည့်မီသော ရွေးကောက်ပွဲများကို လွတ်လပ်မှု၊ တရားမျှတမှု၊ ဂုဏ်သိက္ခာရှိမှုတို့ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အခမ်းအနားများသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပြီး လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၀-၈-၂၀၂၃)**

- **မြန်မာအီလက်ထရွန်နစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း အခမ်းအနားများကို ဝန်ကြီးဌာန ၅ ခု၌ ကျင်းပပြုလုပ်ခဲ့။**
- **လက်တွေ့စမ်းသပ်ဆန္ဒမဲပေးသူများ၏ ဆန္ဒမဲပေးပြီး ပြန်လည်စစ်ဆေးကြည့်ရှုမှုများအရ ဆန္ဒမဲပေးမှုများမှာ ရာနှုန်းပြည့်မှန်ကန်မှုရှိကြောင်း တွေ့ရှိရသည့်အတွက် MEVE စက်ဖြင့် ဆန္ဒမဲပေးခြင်းသည် မသမာမှုမရှိနိုင်။**
- **ရိုက်နှိပ်ဖြန့်ဝေဆောင်ရွက်ရာတွင် ဖြစ်ပေါ်ခဲ့ရသော မဲမသမာမှုများ မဖြစ်ပေါ်နိုင်သည့်အပြင် ပယ်မဲများမရှိတော့သည့်အတွက် မဲဆန္ဒရှင်များ၏မဲများ ပယ်မဲကြောင့် အဟောသိကံဖြစ်ခဲ့ရခြင်းများလည်း မရှိနိုင်တော့သည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်။**

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူစဉ်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ-

- ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဩဂုတ်လ ၁၈ ရက်အထိ လေးလကျော်ကာလအတွင်း သစ်တောထွက်ပစ္စည်းတင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၄၉၄ သန်း ရရှိထားပြီး နိုင်ငံပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၄၇ သန်းနှင့် ပုဂ္ဂလိကတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၁၄၇ သန်းရရှိထား။
- ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဩဂုတ်လ ၁၈ ရက်အထိ လေးလခွဲကာလအတွင်း ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်းမှ ၅၃၀,၄၉၈ ဒသမ ၈၉၇ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၂၀ ဒသမ ၅၅၆ သန်းနှင့် နယ်စပ်ကုန်သွယ်ရေးမှ ၁၀၅,၆၉၃ ဒသမ ၄၁၁ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၁ ဒသမ ၃၅၂ သန်း၊ စုစုပေါင်း ၆၃၆,၁၉၂ ဒသမ ၃၀၈ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၁၁ ဒသမ ၉၀၈ သန်းရရှိခဲ့။

မြန်မာနိုင်ငံမှ ပြည်ပသို့ သစ်တောထွက်ပစ္စည်းအပြင် လယ်ယာထွက်ပစ္စည်းအပြင် လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် တခြားပို့ကုန်ပစ္စည်းများ တင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၈-၂၀၂၃)**

- ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဩဂုတ်လ ၁၈ ရက်အထိ သစ်တောထွက်ပစ္စည်းတင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၄၉၄ သန်းရရှိထား။
- ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဩဂုတ်လ ၁၈ ရက်အထိ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ၆၃၆,၁၉၂ ဒသမ ၃၀၈ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၁၁ ဒသမ ၉၀၈ သန်းရရှိခဲ့။

## ရွှေဘိုမြို့နယ်၊ ဇီးတောကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲအတွင်းမှ PDF အကြမ်းဖက်သမားများ သိုဝှက်ထားသည့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းရမိ



စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ဇီးတောကျေးရွာအနီး၌ PDF အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိကြောင်းနှင့် ၎င်းတို့အကြမ်းဖက်လုပ်ရပ်များ လုပ်ကိုင်ရာတွင် အသုံးပြုသည့်လက်နက်၊ ခဲယမ်းများနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိုဝှက်ထားရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ်လ ၂၉ ရက်တွင် ရှာဖွေဖော်ထုတ်ခြင်းများဆောင်ရွက်ခဲ့ရာ အဆိုပါကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦအတွင်းမှ Super Custom မော်တော်ယာဉ် ၁ စီး၊ မော်တော်ဆိုင်ကယ် ၃ စီး တို့နှင့်အတူ အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်လုပ်သေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ လက်လုပ်မိုင်း ၉ လုံး၊ ပြောက်ကျားယူနီဖောင်းများနှင့် အခြားဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါသိမ်းဆည်းရမိပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာသို့ အပ်နှံသွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရွှေဘိုမြို့နယ်အတွင်း PDF အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်မှုမရှိစေရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၀-၈-၂၀၂၃)**

- **အကြမ်းဖက်မှုကိုမလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရွှေဘိုမြို့နယ်၊ ဇီးတောကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲအတွင်းမှ PDF အကြမ်းဖက်သမားများ သိုဝှက်ထားသည့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းရမိခဲ့။**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- ဩဂုတ်လ ၂၃ ရက်မှ ၂၉ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၄ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၅ ဦးနှင့် မကွေးတိုင်းဒေသကြီး၌ ၁ ဦး၊ စုစုပေါင်း ၁၀ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်ထိ စုစုပေါင်း ၁,၆၈၄ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၀-၈-၂၀၂၃)**

- **ဩဂုတ်လ ၂၃ ရက်မှ ၂၉ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၄ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၅ ဦးနှင့် မကွေးတိုင်းဒေသကြီး၌ ၁ ဦး၊ စုစုပေါင်း ၁၀ ဦးတို့ကို ဖမ်းဆီးရမိခဲ့။**
- **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်ထိ စုစုပေါင်း ၁,၆၈၄ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**